**ထပ်တိုးစာမူ ၃၈။** ဝင်ရောက်ပါဝင်သူ၏ ဓါတုဓါတ်တင်ဂ်ခုစီ စစ်ချက်ရလာဒ်များ သတင်းပို့ချက် ပေးစာ နမူနာ (ဖလက်ရှ်-ကင်းကိဒ် ဖတ်စာအဆင့်- အတန်း ၉.၉)

NEW YORK
state department of
HEALTH

Nirav R. Shah, M.D., M.P.H.
Commissioner

Sue Kelly
Executive Deputy Commissioner

[အမည်နှင့် နေရပ်လိပ်စာ]

ခင်မင်ရပါသော [အမည်]-

ကန်ကြီးများအား ဇီဝဓါတုတိုင်းတာသတ်မှတ်မှု စီမံကိန်း၌ ဝင်ရောက်ပါဝင်သည့်အတွက် သင့်အား ကျွန်ုပ်တို့မှ ကျေးဇူးအထူး တင်ပါသည်။ သင့်ထံမှ တိုင်းတာရရှိသော ပီစီဘီများ၊ ပိုးသတ်ဆေးများ (ဒီဒီတီ/ဒီဒီအီး)၊ ဟက်ခ်စာကလိုရိုဘန်ဇင်း (အိတ်ချစီဘီ)၊ မီရက်စ်)၊ နှင့် အခြား ပိုးသတ်ဆေး ဓါတုဓါတ်မြှင့်ပစ္စည်းများ (အောက်စီကလိုဒိန်းနှင့် ထရန်(စ)-နိုနာအက်ကလာ) ရလာဒ်တို့ကို စာမျက်နှာ ၃ တွင် ရှာဖွေတွေ့ရှိနိုင်ပါသည်။

ယေဘုယျအားဖြင့် လူအများစု၏ သွေးအတွင်း၌ ဖေါ်ပြပါ ဓါတုဓါတ်များသည် တိုင်းတာနိုင်လောက်သည့် အဆင့်တိုင်အောင် ရှိနေတတ်ကြသည်။ ထို့အတူ၊ အသက်အရွယ်ကြီးရင့်သူများ၌ ငယ်ရွယ်သူများထက် ၎င်းဓါတ်များ ပိုမိုရှိနိုင်ကာ၊ အမျိုးသားများ၌ အမျိုးသမီးများထက် ပိုမို ရှိနိုင်ပေသည်။

ထိုဓါတုဓါတ်များကို အမေရိကန်ပြည်ထောင်စု၌ ထုတ်လုပ်ခြင်းမရှိတော့ချေ၊ သို့သော် ၎င်းတို့သည် ပတ်ဝန်းကျင်တွင်း စွဲမြဲစွာ ကျန်ရှိနေသောကြောင့် အစာကွင်းဆက်အတွင်း ဆက်လက်ရှိနေကြသည်။ ထိုဓါတုဓါတ်များ သင့်အား သက်ရောက်လျော့နည်းစေရန် လိုက်နာရမည့် နယူးယော့ခ်ပြည်နယ် ငါးစားသုံးမှုအကြံပြုလွှာကို [http://www.health.state.ny.us/environmental/outdoors/fish/fish.htm](http://www.health.state.ny.us/environmental/outdoors/fish/fish.htm) တွင်ရယူနိုင်သည်။

သင်၏ သတင်းပို့လွှာတွင် အမေရိကန်ပြည်ထောင်စုတွင်းရှိ အရွယ်ရောက်ပြီးသူများ၌ ပုံမှန်တွေ့ရတတ်သော ဓါတုဓါတ်ပမာဏ မှန်းခြေ အတိုင်းအတာများကို ထည့်သွင်းဖေါ်ပြထားသည်။ အကယ်၍ သင့်တွင်တွေ့ရသော ဓါတုဓါတ်ပမာဏများမှာ မှန်းခြေ အတိုင်းအတာ များထက် ပိုမိုသော်လည်း၊ သင့်တွင်ရောဂါဘယများ ဖြစ်ပေါ်လာမည်ဟု <u>မဆိုလို</u>နိုင်ပေ။ ထိုဓါတုဓါတ်များမှ လူသားများအပေါ် မည်သို့ သက်ရောက်စေနိုင်ကြောင်းကို သိပ္ပံပညာရှင်များမှ လေ့လာနေဆဲ ဖြစ်သည်။

တိုင်းတာရရှိသော စစ်ချက်ရလာဒ်များအားလုံးကို လစ်ပစ် တစ်ဂရမ်တွင် ပါရှိသည့် နန်နိုဂရမ် (နန်နိုဂရမ်/ဂရမ်) အဖြစ်ဖေါ်ပြထားသည်။ ၎င်းအတိုင်းအတာသည် မည်မျှရှိသည်ကို သင်ပုံဖေါ်နိုင်ရန် ဥပမာပြရသော် တစ်ဘီလီယံတွင် တစ်စိတ် သည် ၁၆ မိုင်တွင် ၁ လက်မ၊ ၂ နှစ်တွင် ၁ မိနစ်၊ သို့မဟုတ် ဒေါ်လာ ၁၀,၀၀၀ တွင် ၁ ပြားနှင့် ညီပေသည်။

သင့်တောင်းဆိုချက်အရ၊ သင်၏ စစ်ဆေးမှုရလာဒ်များကို သင့်သမားတော်ထံသို့ မိတ္တူတစ်စုံပေးပို့ပြီးဖြစ်သည်။ ဤစီမံကိန်းနှင့် ပတ်သက်သည့် သင့်မေးခွန်းများကို ကျွန်ုပ်တို့မှ ဝမ်းမြောက်စွာဖြေကြားပေးမည်၊ သို့သော် ဤရလာဒ်များနှင့် ပတ်သက်သည့် ပူပန်ဖွယ် ကိစ္စရပ်များအား သင့်သမားတော်သိရှိရန် ဆောင်ရွက်သင့်သည်။

ဤစီမံကိန်းနှင့် ပတ်သက်၍ အထွေထွေမေးခွန်းများရှိပါက ၅၁၈-၄၀၂-၇၉၅၀ သို့ ဆက်သွယ်၍ ကျွန်ုပ်အား မေးမြန်းနိုင်ပါသည်။

သင့် ဝင်ရောက်ပါဝင်မှုအတွက် ထပ်မံကျေးဇူးတင်ရှိပါသည်။

ရိုးသားစွာဖြင့်၊

Syni-An A. Hwang
ညွှန်ကြားရေးမှူး
ပတ်ဝန်းကျင်နှင့် လုပ်ငန်းခွင်ဆိုင်ရာ ရောဂါရှာဖွေရေး အထူးရုံးအဖွဲ့

Matthew P. Mauer, D.O., M.P.H.
ပြည်သူ့ကျန်းမာရေး သမားတော်
လုပ်ငန်းခွင်ဆိုင်ရာ ကျန်းမာရေး အထူးရုံးအဖွဲ့

**ကန်ကြီးများ ဇီဝဓါတုသတ်မှတ်တိုင်းတာခြင်း စီမံကိန်း**
**ဓါတ်ခွဲခန်း သတင်းပို့ချက် ပြန်တမ်း**

ကောက်ယူသည့် နေ့စွဲ -
သတင်းပို့သည့် နေ့စွဲ -

[အမည် နှင့် နေရပ်လိပ်စာ]

| **ဓါတုပစ္စည်း သို့မဟုတ် ဓါတ်မြင့်ပစ္စည်း** | **လစ်ပစ် ချိန်ညှိပြီး၊ သင့်ရလာဒ်များ** | **ရည်ညွှန်းချက်နှုန်း (နန်နိုဂရမ်/လစ်ပစ် ၁ ဂရမ်)*၊ လစ်ပစ်ချိန်ညှိပြီး** |
|---|---|---|
| ပီစီဘီ စုစုပေါင်း | | အသက် ၂၀-၃၉ နှစ် - ၇၅.၄-၂၂၆.၅<br>အသက် ၄၀-၅၉ နှစ် - ၁၇၄.၄-၄၇၀.၇<br>အသက် ၆၀ နှင့် အထက် - ၃၃၄.၅-၉၂၉.၄ |
| ဒီဒီတီ | | < LOD – ၂၀.၇ |
| ဒီဒီအီး | | ၂၃၃ – ၁၉၉၀ |
| ဟက်ခ်စာကလိုရိုဘန်ဇင်း (အိတ်ချစီဘီ) | | ၁၅.၁ – ၂၉.၀ |
| မီရက်စ် | | < LOD – ၃၇.၁ |
| အောက်စီကလိုဒိန်း | | ၁၁.၄ – ၃၉.၂ |
| ထရန်(စ)-နိုနာအက်ကလာ | | ၁၇.၃ – ၇၄.၇ |

* အရွယ်ရောက်ပြီးသူများ(အသက် ၂၀ နှင့်အထက်)တွင်ရှိတတ်သော ရည်ညွှန်းချက်နှုန်းများကို ရောဂါဘယ ကာကွယ်ရေးနှင့် ထိန်းသိမ်းရေး စင်တာများမှ ဆောင်ရွက်ပြုစုသော၊ အမျိုးသား ကျန်းမာရေးနှင့် အဟာရစမ်းသပ်ချက် စစ်တမ်းတွင် သတင်းပို့ထားသည့်အတိုင်း ရှာဖွေတွေ့ရှိရသည် (စစ်တမ်း ရရှိနိုင်ချေပေါ် မူတည်၍ နှုန်းများ ပြောင်းလဲနိုင်သည်)။

**လစ်ပစ်ချိန်ညှိခြင်း -** ဤသတင်းပို့ချက်တွင် ပါဝင်သော ဓါတုဓါတ်များသည် သွေးထဲတွင်ရှိသော လစ်ပစ် (အဆီ) များပမာဏနှင့် ပတ်သက်ဆက်နွယ်နေသည်။

**ယူတီအေ (UTA):** စမ်းသပ်စစ်ဆေးနိုင်ခြင်း မရှိ။ သွေးများခဲသွားခြင်းကြောင့် သို့မဟုတ် သွေးအလုံအလောက်မရှိခြင်းကြောင့် ဓါတ်ခွဲခန်းမှ အစမ်းသပ်ခံ သွေးနမူနာအား စမ်းသပ်စစ်ဆေးနိုင်ခြင်းမရှိပါ။

**အယ်(လ်)အိုဒီ (LOD):** ရှာဖွေတွေ့ရှိမှု အဆင့် (နံပါတ်တပ် တင်ပြရန် အလွန်နည်းပါးသော အဆင့်တွင်သာ ရှိသည်)။

ဖေါ်ပြပါ စစ်ချက်ရလာဒ်များနှင့် ပတ်သက်၍ အချက်အလက်များ ပိုမိုသိရှိလိုပါက XXX-XXX-XXXX သို့ကျေးဇူးပြု၍ ခေါ်ဆိုကာ _______________________ နှင့်တွေ့ဆုံခွင့်တောင်းဆိုပါ။

စစ်ဆေးမှုများကို Wadsworth စင်တာ၊ နယူးယော့ခ်ပြည်နယ် ကျန်းမာရေးဌာနမှ ဆောင်ရွက်သည်။